# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၇) ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံကာလသတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်။ | ၅ |
| ၃။ | AI အုပ်ချုပ်မှုနှင့်ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်ချက်ကို အာဆီယံမှထုတ်ပြန်ခြင်း။ | ၆-၇ |
| ၄။ | အန္တရာယ်ရှိသောပြစ်မှုကျူးလွန်သူများကို အကျဉ်းထောင်၌ ထောင်ဒဏ်ကျခံနေရသည့် ကာလထက် ကျော်လွန်၍ ထိန်းသိမ်းရန် စင်္ကာပူနိုင်ငံတွင် ဥပဒေပြဋ္ဌာန်းခြင်း။ | ၈-၉ |
| ၅။ | ရာမဘုရားကျောင်းကျင်းပသည့်နေ့ကို အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း ပြည်နယ်အစိုးရ၏ ကြေငြာချက်အပေါ် အသနားခံစာတင်သွင်းမှုအား အိန္ဒိယတရားရုံးက ပယ်ချခြင်း။ | ၁၀-၁၁ |
| ၆။ | အင်္ဂလန်နိုင်ငံတွင် တရားသူကြီးတစ်ဦးအား အွန်လိုင်းအမုန်းတရားလှုံ့ဆော်ရေး (Online Harassment and stalking) ပြုလုပ်ခဲ့သော အမျိုးသားအား မှတ်သားလောက်သည့် ထောင်ဒဏ်ချမှတ်ခြင်း။ | ၁၂-၁၄ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်သည့်အရာထမ်းအမှုထမ်းရာထူးအခေါ်အဝေါ်များပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၄.၁၁.၂၀၁၀ ရက်နေ့တွင် (နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂၇/၂၀၁၀) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေဖြင့် ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ရုပ်သိမ်းခဲ့ပါသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁(ခ) အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၁၀.၂.၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၄)ဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့ရက်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါဥပဒေတွင် စစ်မှုထမ်းရမည့် အရွယ်ရောက်သူဆိုသည်မှာ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ အမျိုးသမီးဖြစ်လျှင်အသက်၁၈နှစ်ပြည့်ပြီး၍ အသက် ၂၇နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ် ပြည့်ပြီး၍ အသက် ၄၅ နှစ် မပြည့်သေးသော နိုင်ငံသားကိုလည်းကောင်း၊ ကျွမ်းကျင်သူ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ် ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားကိုလည်းကောင်း ဆိုလိုသည်ဟု ပြဋ္ဌာန်းထားပြီး ကျွမ်းကျင်သူဆိုသည်မှာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှု ပညာတတ်မြောက်သူ သို့မဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများ ပါဝင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ပြည်သူ့စစ်မှုထမ်းရန်ကာလကို (၂၄)လ ထက်မပိုသည့် ကာလအပိုင်းအခြားအဖြစ် သတ်မှတ်ထားပြီး ကျွမ်းကျင်သူများအား (၃၆) လထက်မပိုသည့် ကာလအပိုင်းအခြားအတွက် စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်ပြီး နိုင်ငံတော်တွင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လျှင် အစိုးရအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းရန် ကာလကို (၅)နှစ်အထိ တိုးမြှင့် သတ်မှတ်နိုင်ကြောင်း တွေ့ရှိရပါသည်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းဆောင်နေစဉ်အတွင်း တပ်မတော်တွင် သတ်မှတ်ထားသည့် အဆင့်အလိုက် လစာနှင့် စရိတ်အတိုင်း ခံစားခွင့်ရရှိစေခြင်း စစ်မှုထမ်းကာလအတွင်း သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့လျှင် တာဝန်ဝတ္တရား ထမ်းဆောင်ခြင်းနှင့် အကျုံးဝင်ပါကတပ်မတော်တွင် သတ်မှတ်ထားသော ခံစားခွင့်များရရှိစေခြင်း၊ ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းတစ်ဦးအား ယင်းတာဝန်ထမ်းဆောင်နေသည့်ကာလကို တာဝန်ချိန်အဖြစ်သတ်မှတ်ခြင်း၊ ပြည်သူ့စစ်မှုထမ်းကာလပြီးဆုံးသောအလုပ်သမားတစ်ဦးအား မူလထမ်းဆောင်ခဲ့သော အလုပ်အကိုင် သို့မဟုတ် အလားတူ အလုပ်အကိုင်တွင် သတ်မှတ်ထားသည့်အတိုင်း အလုပ်ရှင်က ခန့်ထားရခြင်း၊ သတ်မှတ်ထားသော ကာလပြည့်သည်အထိ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသူတစ်ဦးသည် မိမိသဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းလိုပါက သတ်မှတ်ထားသည့် စည်းမျဉ်း၊စည်းကမ်းများနှင့်အညီ စစ်မှုထမ်းခွင့်ရှိခြင်း၊ ပါရဂူဘွဲ့ရသူများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘွဲ့ရသူများနှင့် အခါအားလျော်စွာ သတ်မှတ်သည့်အရည်အချင်းနှင့် ပြည့်စုံသူများကို အရေးပေါ်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ခြင်းတို့ ခံစားခွင့်ရှိကြောင်း တွေ့ရှိရပါသည်။

မည်သူမဆို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးမြို့နယ်အဖွဲ့က မှတ်ပုံတင်ရန် နှင့် ဆေးစစ်ရန် ဆင့်ခေါ်ချိန်တွင် လာရောက်သတင်းပို့ရန်ပျက်ကွက်ခြင်း၊ ဆေးစစ်ခြင်းအောင်မြင်သော်လည်း ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ချိန်တွင် လာရောက်သတင်းပို့ရန် ပျက်ကွက်ခြင်း၊ ဤဥပဒေအရ မိမိဖော်ပြရမည့် အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ မမှန်မကန် ဖော်ပြခြင်း၊ ပြည်သူ့စစ်မှုထမ်းရန် ကာလပြီးဆုံးသော မိမိ၏ အလုပ်သမားအား အလုပ်ခန့်ထားရန် ပျက်ကွက်ခြင်းတို့ကို ကျူးလွန်ပါက သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ခံရမည်ဖြစ်ပြီး မည်သူမဆို စစ်မှုထမ်းဆောင်ခြင်းမှ တိမ်းရှောင်လွှဲဖယ်လိုသည့်အကြံဖြင့် မိမိကျန်းမာရေးအဆင့်

အတန်းကို နိမ့်ကျစေလိုသောအကြံဖြင့် မိမိကိုယ်ကို အနာရောဂါစွဲကပ် ဟန်ဆောင်ခြင်း၊ မသန်မစွမ်း ဟန်ဆောင်ခြင်း၊ မိမိကိုယ်ကိုရောဂါစွဲကပ်စေရန်လည်းကောင်း၊ မသန်မစွမ်းဖြစ်စေရန်လည်းကောင်း ပြုလုပ်ခြင်း၊ မိမိ၏ အနာရောဂါကိုဖြစ်စေ၊ မသန်မစွမ်းခြင်းကိုဖြစ်စေ၊ ပျောက်ကင်းအောင် မကုသဘဲ တမင်နှောင့်နှေးကြန့်ကြာစေရန် လည်းကောင်း၊ ပိုမိုဆိုးရွားလာစေရန်လည်းကောင်း ပြုခြင်း၊ မိမိ အလိုအလျောက် မိမိကိုယ်ကို အနာတရဖြစ်စေရန် ပြုခြင်း၊ အခြားနည်းများဖြင့် ပြုလုပ်ခြင်းတို့ကို ကျူးလွန်ပါက ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခံရမည်ဖြစ်ပါသည်။ ထို့ပြင် အဆိုပါပြစ်မှုများဖြင့် ပြစ်ဒဏ်ကျခံပြီးသော်လည်း ပြည်သူ့ စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်မရှိကြောင်း ဖော်ပြထားပါသည်။

သို့ရာတွင် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသူ များ၊ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစု လုပ်ကျွေးနေသူများ၊ မူးယစ် ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ၊ ထောင်ဒဏ်ကျခံနေသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်း ဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သော်လည်း ခွင့်ပြုထားသည့် ယာယီရွှေ့ဆိုင်းခွင့် ကာလ များကို စစ်မှုထမ်းရမည့်အသက်အရွယ်ကျော်လွန်စေကာမူ သတ်မှတ်ထားသော ပြည်သူ့စစ်မှုထမ်း ဆောင်ရန် ကာလကို ပြည့်မီအောင် ထမ်းဆောင်ရမည်ဖြစ်ပါသည်။

သို့သော် သာသနာ့ဝန်ထမ်းများ၊ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော် လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)၊ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်း မသန်စွမ်း သူများ၊ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများကို ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ကင်းလွတ်စေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံကာလသတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်

လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂ (ဗ) တွင် "လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူဆိုသည်မှာ အပိုင်း(၃)အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်ထားသူကိုဆိုသည်" ဟု ပြဋ္ဌာန်းထားပြီး ယင်းဥပဒေ အပိုင်း ၃ (ပုဒ်မ ၇ မှ ၂၆ ထိ) တွင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ" အကြောင်းကို ပြဋ္ဌာန်းထားပါသည်။

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၆ ပါ ဥပဒေ၏ရည်ရွယ်ချက်များ၌ ပုဒ်မ ၆ (ခ)တွင် "နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းပြုနိုင်ရန်အတွက် ထိရောက်လွယ်ကူသော စနစ်တစ်ရပ်ရှိစေရန်နှင့် ယင်းစနစ်အား ထိရောက်စွာ အကောင်အထည်ဖော်ရန် ကျွမ်းကျင်သော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ပေါ်ပေါက်လာစေရန်"ဟု ပြဋ္ဌာန်းထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၁၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ပညာအရည်အချင်းနှင့်လုပ်ငန်းအတွေ့အကြုံကာလသတ်မှတ်ခြင်းကို ၂၀၂၄ ခုနှစ်၊ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၃၀/၂၀၂၄ ဖြင့် သတ်မှတ်လိုက်ကြောင်း၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ပညာအရည်အချင်းမှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) သို့မဟုတ် တရားလွှတ်တော်ရှေ့နေလိုင်စင်ရရှိပြီးသူဖြစ်ရမည့်အပြင် လုပ်ငန်းအတွေ့အကြုံကာလအနေဖြင့် သတ်မှတ်ပညာအရည်အချင်းပြည့်မီပြီးနောက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၁၀ နှစ်ရှိသူဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်:ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## AI အုပ်ချုပ်မှုနှင့်ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်ကို အာဆီယံမှ ထုတ်ပြန်ခြင်း

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ၂ ရက်နေ့ တို့တွင် ကျင်းပသော AI နှင့် နည်းပညာဖြင့် လိမ်လည်မှုများအပါအဝင် ဆက်သွယ်ရေးဆိုင်ရာပြဿနာများကို ဖြေရှင်းရန်ဆောင်ရွက်သည့် စတုတ္ထအကြိမ်မြောက် ဒီဂျစ်တယ်နည်းပညာဆိုင်ရာဝန်ကြီးများအစည်းအဝေး၌ အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)သည် AI နည်းပညာဆိုင်ရာအုပ်ချုပ်မှုနှင့်ကျင့်ဝတ်များဆိုင်ရာလမ်းညွှန်ချက်ကို ၂-၂-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

AI အုပ်ချုပ်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ အာဆီယံလမ်းညွှန်ချက်သည် AI အတွက် ဘုံအခြေခံမှုများကိုချမှတ်ရန်နှင့် အာဆီယံတွင် AI ကို ယုံကြည်စိတ်ချစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အကောင်းဆုံးအလေ့အကျင့်များကိုအကြံပြုရန် ကြိုးပမ်းထားခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ ထို့ပြင် အဆိုပါလမ်းညွှန်ချက်သည် အဖွဲ့အစည်းများနှင့်အစိုးရများအား AI စနစ်များကို တာဝန်သိစွာ ဒီဇိုင်းရေးဆွဲရန်၊ တီထွင်ရန်၊ အသုံးချရန်နှင့် AI တွင် အသုံးပြုသူများ၏ ယုံကြည်မှုမြှင့်တင်ရန်တို့အတွက် တာဝန်များပေးအပ်ရန် ရည်ရွယ်ကြောင်းလည်း တွေ့ရှိရပါသည်။

အဆိုပါလမ်းညွှန်ချက်တွင် အခြေခံမှုများအဖြစ် ပွင့်လင်းမြင်သာရှိခြင်းနှင့် ရှင်းလင်းနားလည်လွယ်မှုရှိခြင်း၊ မျှတမှုနှင့် သာတူညီမျှမှုရှိခြင်း၊ လုံခြုံမှုနှင့် ဘေးကင်းမှုရှိခြင်း၊ ခိုင်မာမှုနှင့်ယုံကြည်စိတ်ချရမှုရှိခြင်း၊ လူသားဗဟိုပြုမှုရှိခြင်း၊ ကိုယ်ရေးကိုယ်တာနှင့် အချက်အလက်များလုံခြုံမှုရှိခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုနှင့် ဖြောင့်မတ်မှန်ကန်မှုရှိခြင်းတို့ပါဝင်ပါသည်။ ထို့ပြင် AI အုပ်ချုပ်မှုဘောင်အတွက် ယေဘုယျအခြေခံမှုများ၊ AI စနစ်ကို လက်တွေ့အသုံးချရာ၌ ထည့်သွင်းစဉ်းစားနိုင်သည့် နိုင်ငံအဆင့်နှင့် ဒေသအဆင့်များအတွက် အကြံပြုချက်များပါဝင်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံအဆင့်အကြံပြုချက်များတွင် AI သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများအပါအဝင် AI စွမ်းရည်နှင့် ကျွမ်းကျင်လုပ်သားများကို ပြုစုပျိုးထောင်ပေးခြင်းတို့ပါဝင်ပြီး ဒေသဆိုင်ရာအဆင့်အကြံပြုချက်များတွင် အဆိုပါအကြံပြုချက်များကို အကောင်အထည်ဖော်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း၊ မူပိုင်ခွင့်ချိုးဖောက်ခြင်း၊ ဘက်လိုက်ပြောဆို တင်ပြခြင်း၊ ပုဂ္ဂိုလ်ဆိုင်ရာအချက်

အလက်များ ချိုးဖောက်ခြင်းတို့အပါအဝင် AI နှင့်စပ်လျဉ်းသည့် ပြဿနာများကို ဖြေရှင်းရေးအတွက် လမ်းညွှန်ချက်ကို လိုက်နာခြင်းတို့ကိုလည်း ဖော်ပြထားပါသည်။ ထို့ပြင် လမ်းညွှန်ချက်တွင် စင်္ကာပူနိုင်ငံ၊ ပညာရေးဝန်ကြီးဌာနအပါအဝင် အဖွဲ့အစည်းများက AI အုပ်ချုပ်မှုဆိုင်ရာ မူဘောင်နှင့် အညီ အထူးအသုံးပြုသည့် ကိစ္စရပ်များကိုလည်း အသေးစိတ် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- ASEAN Guide on AI Governance and Ethics
- ASEAN publishes guide on AI governance - Chinadaily.com.cn

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၇) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်

## အန္တရာယ်ရှိသောပြစ်မှုကျူးလွန်သူများကို အကျဉ်းထောင်၌ ထောင်ဒဏ်ကျခံနေရသည့် ကာလထက်ကျော်လွန်၍ ထိန်းသိမ်းရန် စင်္ကာပူနိုင်ငံတွင် ဥပဒေပြဋ္ဌာန်းခြင်း

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် စင်္ကာပူနိုင်ငံသည် ထောင်ဒဏ်များကျခံမှု ပြီးဆုံးပြီးသော်လည်း အန္တရာယ်ရှိသော ပြစ်မှုကျူးလွန်သူများကို အချိန်အကန့်အသတ်မရှိ ထိန်းသိမ်းရန် ဥပဒေတစ်ခုကို ပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါ ဥပဒေပြဋ္ဌာန်းချက်သည် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု၊ မုဒိမ်းမှုနှင့် အရွယ်မရောက်သေးသောသူများအား လိင်ဆက်ဆံခြင်းကဲ့သို့ ရာဇဝတ်မှုများဖြင့် ပြစ်ဒဏ်ကျခံပြီးနောက် လွတ်မြောက်လာသည့်အခါ ပြန်လည်ကျူးလွန်နိုင်ချေရှိသည်ဟု ယူဆရသောသူများနှင့် သက်ဆိုင်ပါသည်။

စင်ကာပူနိုင်ငံဥပဒေရေးရာနှင့်ပြည်ထဲရေးဝန်ကြီး H.E Mr. K. Shanmugam က ပါလီမန်၌ မိန့်ခွန်းပြောကြားရာတွင် အခြားသူများကို အမှန်တကယ် အန္တရာယ်ဆက်လက်ဖြစ်ပေါ်စေမည့် ပြစ်မှုကျူးလွန်သူတစ်ဦးကို မလွှတ်သင့်ကြောင်း၊ အသက် ၆ နှစ်အရွယ်ရှိမယားပါသမီးကို မုဒိမ်းမှုကျူးလွန်ခဲ့သဖြင့်ထောင်ကျခံနေရသောအမျိုးသားတစ်ဦးသည် ထောင်မှလွတ်မြောက်လာပြီးနောက် အသက် ၁၀နှစ်အရွယ်ရှိသော ညီမဖြစ်သူ၏မြေးမလေးအား လိင်ပိုင်းဆိုင်ရာလက်ရောက်မှု ကျူးလွန်ခဲ့ပြီး ထိုမိန်းကလေး၏ အသက် ၉ နှစ်အရွယ်ရှိ ညီမဖြစ်သူကိုပါ ထပ်မံ ကျူးလွန်ခဲ့ကြောင်း ဥပမာပေး၍ ပြောကြားခဲ့ပါသည်။

အဆိုပါဥပဒေအသစ်အရ ထောင်ဒဏ်ကျခံမှုပြီးဆုံးပြီးနောက် အလိုအလျောက် လွတ်မြောက်မည့်အစား ထိုကဲ့သို့ ပြစ်မှုကျူးလွန်သူများသည် ပြည်သူလူထုကို ခြိမ်းခြောက်မှု မရှိတော့ကြောင်း ပြည်ထဲရေးဝန်ကြီးက ဆုံးဖြတ်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

အငြိမ်းစားတရားသူကြီးများ၊ရှေ့နေများ၊ စိတ်ရောဂါကုဆရာဝန်များနှင့် စိတ်ပညာရှင်များဖြင့် ဖွဲ့စည်းထားသော ပြန်လည်သုံးသပ်ရေး ဘုတ်အဖွဲ့က အဆိုပါကိစ္စရပ်အပေါ် ဥပဒေရေးရာနှင့် ပြည်ထဲရေးဝန်ကြီးအား အကြံပေးရမည်ဖြစ်ပါသည်။ ပြစ်မှုကျူးလွန်သူနှင့် ၎င်း၏ရှေ့နေတို့သည်

ဘုတ်အဖွဲ့သို့ တင်ပြခြင်းများ ပြုလုပ်နိုင်ပါကြောင်းနှင့် ဘုတ်အဖွဲ့ အနေဖြင့် ပြန်လည်လွှတ်ပေးရန် မသင့်လျော်ကြောင်း တွေ့ရှိရသည့်အမှုများအား နှစ်စဉ် ပြန်လည် သုံးသပ်သွားမည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံတွင် ဤဥပဒေအရ တစ်နှစ်လျှင် ပြစ်မှုကျူးလွန်သူ ၃၀ ထက်မနည်းသည့် အန္တရာယ်ရှိသော ပြစ်မှုကျူးလွန်သူများအပေါ် အကျိုးသက်ရောက်မှုရှိမည်ဟု ခန့်မှန်းထားပါသည်။

အမေရိကန်နိုင်ငံတွင်လည်း လိင်ပိုင်းဆိုင်ရာပြစ်မှုအား ပြန်လည်၍ ပြစ်မှုကျူးလွန်ဖွယ်ရှိသည့် ကျူးလွန်သူများအတွက် အလားတူ ဥပဒေတစ်ခုရှိပါသည်။

စင်္ကာပူနိုင်ငံတွင် အချို့သောသတိပေးမှုများရှိသော်လည်း အတိုက်အခံပါတီအပါအဝင် အများအပြားထောက်ခံမှုဖြင့် ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

အလုပ်သမားများပါတီ မှ အတိုက်အခံဥပဒေပြုသူ Sylvia Lim က အနာဂတ်တွင် အကြမ်းဖက်မှုကို တိကျစွာကြိုတင်ခန့်မှန်းရန် ခက်ခဲကြောင်း၊ မှားယွင်းသောခန့်မှန်းချက်တစ်ခုပေါ် အခြေခံပြီး တစ်စုံတစ်ယောက်ကို အလွန်အမင်း ထိန်းသိမ်းထားခြင်းသည် အန္တရာယ်တစ်ခုရှိနိုင်ကြောင်း နှင့် ပြစ်မှုကျူးလွန်သူတစ်ဦးကို မည်သည့်အချိန်မှာ လွှတ်ပေးသင့်သည်ဆိုသည့်ကိစ္စအား အုပ်ချုပ်ရေးပိုင်းက ဆုံးဖြတ်မှုမပြုခြင်းသည် ပိုကောင်းသော ရွေးချယ်စရာတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရမဟုတ်သောလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အစည်းက ဤဥပဒေသည် ထိုက်သင့်သောလုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရန် အခွင့်အရေးများ ချိုးဖောက်သောကြောင့် ယင်းဥပဒေကို ဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်ကို သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.ndtv.com/world-news/singapore-passes-law-to-hold-dangerous -offenders-beyond-prison-terms-

## ရာမဘုရားကျောင်းကျင်းပသည့်နေ့ကို အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း ပြည်နယ်အစိုးရ၏ကြေငြာချက်အပေါ် အသနားခံစာ တင်သွင်းမှုအား အိန္ဒိယတရားရုံးက ပယ်ချခြင်း

ဥတ္တရပရာဒေရှ်ပြည်နယ်၊ အယုဒ္ဓယမြို့ရှိ ရာမဘုရားကျောင်း၏ မြင့်မြတ်သော ဝတ်ပြုဆုတောင်းခြင်း အခမ်းအနားပြုလုပ်သည့် ဇန်နဝါရီလ ၂၂ ရက်နေ့ကို ဂူဂျာရတ်ပြည်နယ်၏ အများပြည်သူအားလပ်ရက်အဖြစ် သတ်မှတ်ကြောင်း ကြေငြာချက်အပေါ် ဥပဒေကျောင်းသား လေးဦးက တရားစွဲဆိုတင်သွင်းသည့် အသနားခံလျှောက်ထားမှုအား အိန္ဒိယနိုင်ငံ၊ဘုံဘေမြို့ရှိ တရားလွှတ်တော်ခုံရုံး၏ အထူးကြားနာမှုတွင် ပယ်ချခဲ့သည်။

အဆိုပါအသနားခံစာကို တရားသူကြီး GS Kulkarni ၊ Neela Gokhale တို့ပါဝင်သော တရားလွှတ်တော်ခုံရုံးကြားနာရာတွင် ယခုကိစ္စရပ်သည် နိုင်ငံရေးအရလှုံ့ဆော်မှုနှင့် ဥပဒေကို အလွဲသုံးစားပြုလုပ်သည့် တရားစွဲဆိုမှုဖြစ်သည်ဟုဖော်ပြကာ အသနားခံမှုကို ပယ်ချခဲ့ခြင်းဖြစ်ပြီး ကျောင်းသားများအနေဖြင့် ၎င်းတို့၏အချိန်ကို ပိုမိုကောင်းမွန်သောအရာများလုပ်ဆောင်ခြင်းဖြင့် အကျိုးရှိစွာအသုံးချသင့်ကြောင်းနှင့် ဤကဲ့သို့သောအမှုအခင်းများကို စံနမူနာဖြစ်စေမည့် ငွေဒဏ်တစ်ရပ်ချမှတ်သင့်သော်လည်း ခုံရုံးအနေဖြင့် အသနားခံသူများ၏အနာဂတ်အား ထည့်သွင်းသုံးသပ်၍ မည်သည့်ငွေဒဏ်မှ ချမှတ်ခြင်း မပြုကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ပါသည်။

ယင်းသို့ ဘုရားပွဲနေ့အား အများပြည်သူအားလပ်ရက်အဖြစ် သတ်မှတ်ကြေငြာခြင်းသည် တစ်ဖက်သတ်ဆန်ပြီး နိုင်ငံတော်၏အများပြည်သူအကျိုးစီးပွားကို ဆန့်ကျင်သကဲ့သို့ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏အခြေခံမူများနှင့်လည်း ဆန့်ကျင်ကြောင်း လျှောက်ထားသူများက အသနားခံစာတွင် တင်ပြခဲ့ခြင်းသည် သိမ်ဖျင်းသည့်လုပ်ရပ်ဖြစ်ကြောင်း လျှောက်ထားသူများကို ဝေဖန် ပြစ်တင်ခဲ့ပြီး ထိုသို့သောဆောင်ရွက်ချက်များသည် စီမံအုပ်ချုပ်သူတို့၏ဘောင်အတွင်း ကျရောက်သည့်ကိစ္စရပ်သာဖြစ်ကြောင်း အထူးကြားနာမှုက ဆုံးဖြတ်ခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၇) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်

ရာမဘုရားကျောင်းဝတ်ပြုဆုတောင်းခြင်း အစပြုရာ အယုဒ္ဓမြို့ရှိ ရာမဘုရားကျောင်းသည် ရာမအား မွေးဖွားခဲ့သည့်နေရာဖြစ်သည်ဟု လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကပင် ဟိန္ဒူများက သတ်မှတ်ခဲ့ကြောင်း၊ ၁၆ ရာစုနှစ်တွင် မဂိုအင်ပါယာ ဘားဘာမှ ယင်းနေရာအား သိမ်းပိုက်ခဲ့ကာ ဘာဘရီမကစ်ဂျစ်ဗလီ ဆောက်လုပ်ခဲ့ချိန်မှစ၍ တင်းမာမှုများ စတင်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် နာရင်ဒရာမိုဒီက ဝန်ကြီးချုပ်အဖြစ်ထပ်မံအရွေးခံရပြီးနောက် အဆိုပါဘုရားကျောင်းနေရာကို တရားလွှတ်တော်ချုပ်က ဟိန္ဒူများအား ပိုင်ဆိုင်မှုပေးအပ်ခဲ့ပြီး မွတ်ဆလင်များအတွက် အနီးအနားရှိမြေတွင် ဗလီဆောက်လုပ်ခွင့်ပြုခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အိန္ဒိယဝန်ကြီးချုပ် Narendra Modi က နိုင်ငံတော်အဆင့်အခမ်းအနားကျင်းပခဲ့ပြီး မဟာရာရှတြာ၊ ဂိုအာ၊ ဥတ္တရ ပရာဒေ့ရှ်နှင့် မာဒရာပရာဒေ့ရှ်အပါအဝင် အခြားပြည်နယ်အများအပြားက ရုံးပိတ်ရက်အဖြစ် သတ်မှတ်ကြေငြာခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

References; - Jurist Legal News & Commentary; Reporting the rule of law in crisis

- en.m wikipedia.org

## အင်္ဂလန်နိုင်ငံတွင် တရားသူကြီးတစ်ဦးအား အွန်လိုင်းအမုန်းတရားလှုံ့ဆော်ရေး (Online Harassment and stalking) ပြုလုပ်ခဲ့သော အမျိုးသားအား မှတ်သားလောက်သည့် ထောင်ဒဏ်ချမှတ်ခြင်း

အင်္ဂလန်နိုင်ငံတွင် အသက်(၄၃)နှစ်အရွယ် Javed Sheikh ဆိုသူအမျိုးသားသည် တရားသူကြီး Simon Oliver အပေါ်တွင် လွန်စွာပင်စော်ကားသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ခြိမ်းခြောက်တိုက်ခိုက်မှုများကို ဘလော့လ်(Blog) တစ်ခုမှတစ်ဆင့်(၅)နှစ်ကြာ စည်းရုံးလှုံ့ဆော်မှုများ လုပ်ဆောင်ခဲ့သည့်အတွက် Bristol Crown တရားရုံးက နှစ်ပတ်ခန့်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက်၃၀-၁-၂၀၂၄ရက်နေ့တွင် ထောင်ဒဏ်(၈)နှစ် ချမှတ်ခြင်း ခံခဲ့ရပါသည်။

Javed Sheikh သည် ဆေးရုံဝန်ထမ်းတစ်ဦးဖြစ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် Royal Brompton and Harefield Hospital NHS Trust မှ ၎င်းအား လွတ်လပ်သော ကာကွယ်စောင့်ရှောက်ရေး အာဏာပိုင်အဖွဲ့အစည်း Independent Safeguarding Authority(ISA)သို့ လွှဲအပ်ခြင်းခံခဲ့ရသည်။ ထို့နောက် Javed Sheikh သည် Disclosure and Barring Service ၏ တားမြစ်ထားသည့် စာရင်းတွင် ထည့်သွင်းခြင်းခံခဲ့ရပါသည်။ ထိုသို့စာရင်းသွင်းခံရခြင်းမှာ Trust တွင် အလုပ်လုပ်ကိုင်ခဲ့စဉ်အတွင်း Javed Sheikh ၏ ပြုမူဆောင်ရွက်ချက်များသည် ကလေးသူငယ်များ၊ ခုခံနိုင်စွမ်းမရှိသော အားနည်းချက်ရှိသည့်အရွယ်ရောက်ပြီးသူများနှင့် အလုပ်လုပ်ရန် မသင့်တော်သောကြောင့်ဖြစ်သည်။ Javed Sheikh က အဆိုပါတားမြစ်စာရင်းများတွင် ထည့်သွင်းခြင်းခံရသည့် ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိသည့်အတွက် အထက်ခုံရုံး Upper Tribunal (Administrative Appeals Chamber) သို့ အယူခံတက်ရောက်ခဲ့ရာ အမှုအား တရားသူကြီး Simon Oliver နှင့် အဖွဲ့ဝင်(၂)ဦးမှ ကြားနာကာ ၃၁-၇-၂၀၁၄ရက်နေ့တွင် အယူခံမှုအားပလပ်ခဲ့ပြီး အယူခံတက်ရောက်ရန် ခွင့်ပြုချက်ကို ငြင်းဆိုခဲ့သည်။ Javed Sheikh က တရားသူကြီး Oliver ၏ ကြားနာမှုအပေါ် ကျေနပ်မှု မရှိခဲ့၍ Chamber President Charles J ထံသို့ တိုင်တန်းချက်ပြုလုပ်ခဲ့သော်လည်း ပလပ်ခြင်း ခံခဲ့ရသည်။ Javed Sheikh သည်၎င်း၏ရှုံးနိမ့်သွားခဲ့သောအယူခံမှုအား နည်းလမ်းတကျ ဆက်လက်ဆောင်ရွက်

ရမည့်အစား တရားသူကြီး Oliver အား Online မှတစ်ဆင့် အမုန်းတရားလှုံ့ဆော်ရေးပြုလုပ်ကာ တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။

Javed Sheikh သည် “ဆိုးဝါးစွာပြုမူကြသည့်တရားသူကြီးများ” judges Behaving Badly အမည်ဖြင့် ဘလော့လ် Blog တစ်ခု ဖန်တီးတည်ဆောက်ကာ အွန်လိုင်းအမုန်းတရား လှုံ့ဆော်ရေး ဆောင်ရွက်ရန်အတွက် ယခင်က အမှုရှုံးခဲ့ဖူးပြီး အဆိုးမြင်ဝါဒီရှိသောသူများအား ၎င်း၏ အမုန်းတရား အဖွဲ့တွင် ပါဝင်ရန် ချဉ်းကပ် စည်းရုံးခဲ့သည်။ တရားသူကြီး Simon Oliver နှင့် မိသားစုအပေါ် လွန်ကဲစွာဆိုးဝါးသည့် အမုန်းတရားဖြစ်စေသော အချက်အလက်သတင်းအမှားများ၊ စွပ်စွဲချက်များ၊ မှတ်ချက်များအား အဆိုပါ ဘလော့လ် Blog မှတစ်ဆင့် ပျံ့နှံ့စေခဲ့သည်။ တရားသူကြီး Simon Oliver ၏ နေရပ်လိပ်စာ၊ နေအိမ်နှင့်မိသားစုဝင်များ၏ ဓါတ်ပုံများအား အွန်လိုင်းတွင် ပျံ့နှံ့စေခဲ့ပြီး Oliver သည် လာဘ်ပေးလာဘ်ယူမှုများကျူးလွန်နေသည့် တရားသူကြီးတစ်ဦးဖြစ်ကြောင်း၊ လူမျိုးရေး ဝါဒီ မုဒိမ်းသမားလူသတ်ကောင်တစ်ဦးဖြစ်ကြောင်း၊ gay တစ်ဦးဖြစ်သည့်အပြင် ဇနီးဖြစ်သူနှင့်ကွဲနေ ကြောင်း၊အမျိုးသားပြည့်တန်ဆာများငှားရမ်းလေ့ရှိပြီး ကလေးသူငယ်များပေါ်လိင်ပိုင်းဆိုင်ရာကျူးခြင်း အား ကြိုက်နှစ်သက်သူဖြစ်ကြောင်း စသည့်အကြောင်းအရာများပါဝင်သည့် ရေးသားချက်များအပြင် Oliver အလုပ်လုပ်ကိုင်နေသည့်ရုံး၊ အမှုစစ်ဆေးမည့်တရားခွင်နေရာတို့အား သတင်းအတိအကျပေး ခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ Oliver၏ နေအိမ်အား အရေးပေါ်အချက်ပေးသတိပေးချက် Panic Alarm တပ်ဆင်ထားရပြီး ၎င်း၏နေအိမ်ကိုလည်း ရဲဌာန၏အလျင်အမြန်တုံ့ပြန်ရမည့်စာရင်း Rapid Response List တွင်ထည့်သွင်းခဲ့ရကာ Oliver နှင့် မိသားစုသည် အကြောက်တရားနှင့် စိုးရိမ်ပူပန်မှုတို့အား ဆိုးဝါးစွာ ခံစားခဲ့ရသည်။

အမှုစစ်တရားသူကြီး Mr. Justice Saini က Javed Sheikh အား ပြစ်မှုထင်ရှားစီရင်ရာတွင် ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှုများ၏ ပြစ်ဒဏ်ထိုက်မှုအဆင့်အတန်း (Level of Culpability)၊ ထိခိုက် နစ်နာမှုအဆင့်အတန်း (Level of Harm) နှင့် ပြဋ္ဌာန်းဥပဒေအရ ဆိုးဝါးစေသည့် အချက်အလက်များ (Statutory Aggravating Factors)အပေါ် ထည့်သွင်းစဉ်းစားဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ Javed Sheikh သည်

ငင်းကျူးလွန်ခဲ့သောပြစ်မှုများအတွက်ထောင်ဒဏ်(၈)နှစ်ကျခံရန် ချမှတ်ခံခဲ့ရသည့်အပြင်၂၀၂၀ပြည့်နှစ် ပြစ်ဒဏ်ချမှတ်ရေးအက်ဥပဒေ(The Sentencing Act 2020)၊ ပုဒ်မ ၃၅၉ အရ ငင်းအား တရားသူကြီး Simon Oliver နှင့် မိသားစုဝင်များနောက်သို့ လိုက်လံစောင့်ကြည့်ခြင်းနှင့် ဆက်သွယ်ရေး နည်းလမ်းများအသုံးပြု၍ စာများပေးပို့ခြင်း၊ နစ်နာသူများအား အများပြည်သူမှ အာရုံစိုက်လာစေရန် အလို့ငှာ စာရွက်စာတမ်းပါဆယ်တို့အား ကိုယ်တိုင်ဖြစ်စေ၊ မေးလ်၊ စာတိုက်တို့မှဖြစ်စေ အဖွဲ့အစည်း နှင့်လူပုဂ္ဂိုလ်ထံသို့ ဆက်သွယ်ပေးပို့ခြင်းနှင့် လူမှုကွန်ယက်မီဒီယာများ ဘလော့လ်နှင့် Website တို့အားအသုံးပြု၍ တမင်တကာ သတင်းများတင်ခြင်းစသည့်အချက်များ အပါအဝင် Simon Oliver ၏ နေရပ်လိပ်စာမှ မီတာ(၁၀၀)အတွင်း ချဉ်းကပ်ခြင်း မပြုရန် တားမြစ်ချက်များ ထုတ်ပြန်ခံခဲ့ရကြောင်း သိရှိရသည်။

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်များ

- https://www.judiciary.uk/wp-content/uploads/2024/01/R-v-Sheikh-Sentencing-Remarks.pdf.
- https://www.lawgazette.co.uk/news/judges-online-stalker-jailed-for-eight-years/5118610.article.

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၇)          ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

